
Godly Stay-Home
Dad
အင်မော်တယ် ဖေဖေ
(ကျန်းဟာန်)
K Eros
တစဉ် – ၅၄

အပိုင်း(၁)

*

လူပေါင်းသောင်းချီ၏ ၉၀ ရာခိုင်နှုန်းမှာ သိုင်းပညာရှင်များဖြစ်ကြသည်။

သူတို့အများစုက စကားပြောရင်းဖြင့် သူတို့၏အတွေးများကို ထုတ်ဖော်ပြနေကြသည်။

ရုတ်တရက် လူအုပ်ကြီးဆီမှ အံ့သြတကြီးအသံများ ထွက်ပေါ်လာသည်။

"အဲဒါ ဘယ်သူလဲ"

"အနက်ရောင်ဝတ်ရုံ၊ ဆံပင်ရှည်ရှည်၊ ခန္ဓာကိုယ်တောင့်တောင့်နဲ့ လေထဲမှာ ပျံလာတဲ့လူ... အဲဒါက မုချီရှားမဟုတ်လား"

"ဘုရားရေ သူ ဘယ်လိုရောက်လာတာလဲ"

"ရှစ်... မုချီရှားတဲ့ဟ"

သူတို့ လှည့်ကြည့်လိုက်ကြရာ အနောက်ဘက်ခြမ်း ကောင်းကင်ယံတွင် ရပ်နေသော ဆံပင်အရှည် အနက်ရောင်ဝတ်ရုံနှင့်လူကို မြင်လိုက်ကြရသည်။ သူသည် သုံးမီတာရှည်သော အနက်ရောင်ပိုးသားပုဝါပေါ် နင်းလျှောက်ကာ လက်ထဲတွင် သေရည်ထည့်ထားသည့် ဘူးသီးခြောက်ကို ကိုင်ထားပြီး လူအုပ်ကြီးဆီ ပျံသန်းလာရင်း မော့သောက်နေ၏။

ကျန်းချန်၊ ကျန်းယွမ်၊ လျိုဖုန်းနှင့် အခြားသူများကဲ့သို့ နတ်ဘုရားနယ်ပယ်

အဆင့် သိုင်းပညာရှင်ကို မတွေ့ဖူးသော လူများမှာ အံ့သြတကြီးဖြစ်နေကြသည်။

"သူက ပျံနိုင်တယ်ဟ။ သူက လူရော ဟုတ်ရဲ့လား"

သူတို့ မယုံကြည်နိုင်ဖြစ်သွားကြပြီး ဤအခိုက်အတန့်တွင် သူတို့၏လောကအမြင်များ ပျက်စီးသွားလေသည်။

လူသားများအနေဖြင့် သိပ္ပံနှင့် နည်းပညာကို အခြေခံအသုံးချ၍ ကောင်းကင်တွင် ပျံသန်းနိုင်ကြသော်လည်း တစ်စုံတစ်ယောက်က သူ၏ကိုယ်ပိုင်ခွန်အားဖြင့် မြေလွှားမိုးပျံနိုင်သည်ကို ပထမဆုံးအကြိမ် မြင်တွေ့ဖူးကြခြင်းဖြစ်သည်။

အခြား အတွေ့အကြုံရင့်သည့် သိုင်းပညာရှင်များ၏ အမူအရာမှာ ပြောင်းလဲသွားသည်။

သူတို့ဘေးနားရှိ လူများ စိတ်ရှုပ်ထွေးနေကြချိန်တွင် သူတို့က အဖြေပေးလိုက်ကြ၏။

"မုချီရှားက လွန်ခဲ့တဲ့ နှစ် ၅၀ သူ မဟာသခင်နောက်ပိုင်းအဆင့်ကို ရောက်တဲ့အချိန် ကတည်းက နာမည်ကျော်ကြားလာခဲ့တာ။ သူက မြောက်ပိုင်းကန္တာရကနေ တောင်ပိုင်းလမ်းတစ်လျှောက် အကုန်လုံး တိုက်ခိုက်သတ်ဖြတ်ခဲ့တာ။ မဟာသခင်နောက်ပိုင်းအဆင့်ကနေ နတ်ဘုရားနယ်ပယ်ကို တက်ရောက်ဖို့ တခြားသိုင်းပညာရှင်တွေနဲ့ တိုက်ခိုက်ဖြတ်ကျော်ရင်း ငါးနှစ်အချိန်ယူခဲ့တယ်။ တကယ်အံ့မခန်းပဲ"

"ပြောကြတာတော့ သူက မှော်ဆေးလုံးတစ်မျိုးကို သောက်ပြီး ကျင့်ကြံပြီးတော့ တိုက်ခိုက်ရင်း အဆင့်ချိုးဖြတ်မှုတွေလုပ်ခဲ့တာတဲ့"

"သူ နတ်ဘုရားနယ်ပယ်ကို ရောက်တဲ့အချိန်မှာ ထပ်ပြီး ပျောက်သွားခဲ့

တာ။ တချို့ကတော့ သူ့ကို မကြာသေးခင်က ကန္တာရအမွေအနှစ်တစ်ခုထဲမှာ တွေ့လိုက်တယ်တဲ့။ သူပေါ်လာတာနဲ့ မဟာသခင်အထွတ်အထိပ်အဆင့် ဆယ်ယောက်ကို သတ်လိုက်တာဆိုပဲ။ တကယ်ကြောက်ဖို့ကောင်းတယ်"

"သူ့ကို ဒီမှာ တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ထားဘူး။ ဒီနေ့တိုက်ပွဲက ခန့်မှန်းရခက်တာပဲ"

အတွေ့အကြုံရင့်သိုင်းပညာရှင်များ၏ ရှင်းပြချက်က လူငယ်မျိုးဆက်များကို ထိတ်လန့်တုန်လှုပ်သွားစေသည်။

သူတို့က မုချီရှား ဒီလောက်ကြမ်းလိမ့်မည်ဟု မမျှော်လင့်ထားကြ။

သူက ပွဲကြည့်ပရိသတ်အားလုံး၏ အာရုံကို ဆွဲဆောင်သွားသည်။

လူတိုင်း၏ အကြည့်အောက်တွင် မုချီရှားက ပိုးသားပုဝါပေါ် နင်းကာ ပန်းငါးပွင့်တောင်ဆီ ဖြည်းညှင်းစွာ မျောလွင့်လာသည်။

သူက ခပ်များများတစ်မော့မော့လိုက်ပြီး လေချဉ်တက်လိုက်၏။

"ဂေ့"

မိုးခြိမ်းသံပမာ သူ၏ကျယ်လောင်သော လေချဉ်တက်သံကို ကြားပြီး လူများမှာ နားများကို ပိတ်ထားလိုက်ကြသည်။

မုချီရှားက မြားတစ်စင်းပမာ ထက်ရှသည့် သူ၏အကြည့်ကို ပန်းငါးပွင့်တောင်၏ အရှေ့ဘက်ခြမ်းရှိ တစ်နေရာအား ပို့လွှတ်လိုက်၏။

သူက အော်ဟစ်ဟိန်းဟောက်လိုက်သည်။ "အဘိုးကြီးချန်း ကျုပ်နဲ့လာတိုက်ခိုက်စမ်းပါ"

"ဝှစ်"

လူများစွာမှာ ပန်းငါးပွင့်တောင်၏ အရှေ့ဘက်ခြမ်းကို လှည့်ကြည့်လိုက်ကြ၏။

"အဘိုးကြီးချန်းလား"

လူအနည်းငယ်ကသာ အဘိုးကြီးချန်း ဘယ်သူလဲ သိကြသည်။

"ဝှစ်"

အရှေ့ဘက်ခြမ်းရှိ သစ်တောအိုကြီးဆီမှ သာမန်လူအိုကြီးတစ်ယောက်လို ဝတ်ဆင်ထားသည့် လူတစ်ယောက် လေထဲမှ လျှင်မြန်စွာ ပျံသန်းလာသည်။

သို့သော် သူ့တွင် အလွန်စွမ်းအားကြီးမားသည့် နာမည်တစ်ခုရှိ၏။ ချန်းကလန်၏စစ်နတ်ဘုရား...

သူသည် လွန်ခဲ့သည့် ၁၅ နှစ်ကတည်းက မြေကမ္ဘာနယ်ပယ်နှင့် အလွန်နီးစပ်နေပြီဆိုပြီး နာမည်ကြီးခဲ့သည်။

သူ နောက်တစ်ဆင့်ကို တက်လှမ်းပြီးပြီလား မတက်လှမ်းရသေးဘူးလား ဘယ်သူမှ မသိကြချေ။ သို့သော် သူနှင့် ခွန်အားချင်းယှဉ်နိုင်သည့် နတ်ဘုရားနယ်ပယ်အဆင့်အချို့ ရှိပေသည်။

စစ်နတ်ဘုရားက တည်ငြိမ်စွာ ပြန်ပြောသည်။ "မုချီရှား မင်း မူးနေပြီပေါ့"

"ငါ မူးနေပြီတဲ့လား။ ဟားဟားဟား... မမူးပါဘူးကွာ" မုချီရှားက ရယ်မောကာ ညာဘက်လက်ဖြင့် သေရည်ဘူးသီးခြောက်ကို ရှေ့သို့ ပစ်လိုက်သည်။

"ဘန်း"

မိုးခြိမ်းသံတစ်ခုနှင့်အတူ သေရည်ဘူးသီးခြောက်က ရုတ်တရက် စစ်နတ်ဘုရား၏ရှေ့တွင် အကြီးကြီးဖြစ်သွား၏။

ဒဏ္ဍာရီထဲတွင် ဖော်ပြထားသလိုမျိုး သေရည်ဘူးသီးခြောက်က သူ့

အား အထဲသို့ စုပ်ယူနိုင်သည့်ပုံပင်။

သိသာစွာပင် သေရည်ဘူးသီးခြောက်က အစွမ်းထက်နတ်ဘုရား လက်နက်တစ်ခုဖြစ်၏။

လူတိုင်း၏ အကြည့်အောက်၌ သေရည်ဘူးသီးခြောက်က အစိမ်းရောင် အလင်းများ ထုတ်လွှတ်လာပြီး လေများကို စတင်စုပ်ယူတော့သည်။

ပြင်းလိုက်သည့် စုပ်ယူအား။

သေရည်ဘူးသီးခြောက်ကို မြင်တော့ ချန်းကလန်၏စစ်နတ်ဘုရားက ပြုံးလိုက်၏။

"မင်း မမူးဘူးလား"

ထိုနောက် သူက ညာလက်ကို ယမ်းလိုက်သည်။

"ဘုန်း"

သေရည်ဘူးသီးခြောက်က ရိုက်ထုတ်ခံလိုက်ရပြီး နောက်သို့ ပြန်လွင့်သွားသည်။ ၎င်းက တဖြည်းဖြည်း သေးငယ်သွားပြီး မုချီရှား၏လက်ထဲ ပြန်လည်ရောက်ရှိသွား၏။

ချန်းကလန်၏စစ်နတ်ဘုရားက "ဒီပွဲက ငါတို့ပွဲမဟုတ်ဘူး။ သတိလေး ကပ်ဦး"

"ဂေ့အေ့"

မုချီရှားက လေချဉ်တက်လိုက်ပြန်သည်။ ထိုနောက် သူက သေရည် နောက်တစ်ကျိုက် သောက်လိုက်ပြီးနောက် ချီးကျူးသည်။ "သေရည်ရဲ့ အရသာက ခင်ဗျားရိုက်လိုက်ပြီးမှ ပိုကောင်းလာတယ်"

ထိုနောက် သူက စကားမပြောတော့ဘဲ သေရည်ကိုသာ သောက်နေတော့သည်။

ချန်းကလန်၏စစ်နတ်ဘုရားက ပုန်းကွယ်မနေတော့ဘဲ မုန်ချီရှား၏ရှေ့ လေထဲတွင်သာ မျက်နှာချင်းဆိုင်ရပ်နေလိုက်၏။

"ယဲ့ထျန်းလန် ဘယ်မှာလဲ။ ငါ သူနဲ့ တိုက်မယ်" မုချီရှားက သူ၏အကြည့်ကို အဇူရာနဂါးနှင့် သူ့သူငယ်ချင်းများထံ လှည့်လိုက်သည်။

ကပ္ပတိန်လေးယောက်မှာ ကြီးမားသည့် ဖိအားကို ခံစားလိုက်ရသည်။

"သူ အလုပ်ကိစ္စနဲ့ ခရီးထွက်သွားပါတယ်" ဝဝတုတ်တုတ် ကပ္ပတိန်ရွှမ်ဂူက ခပ်တိုးတိုးအသံဖြင့် ပြန်ဖြေသည်။ သူသည်ပင် စကားကျယ်ကျယ် ပြောရဲချေ။

"ပျင်းဖို့ကောင်းလိုက်တာ။ ကမ္ဘာငယ်ဂိတ်တံခါးက ဘယ်တော့ ဖွင့်မှာလဲ။ အဲဒီမှာ ငါသတ်ရမယ့် နတ်ဘုရားအဆင့်နည်းနည်းရှိတယ်" မုချီရှားက သက်ပြင်းချကာ သေရည်ဆက်သောက်နေသည်။

သူ၏စကားများက လူအများကို ထိတ်လန့်သွားစေပြီး ဆွေးနွေးမှု ခေါင်းစဉ်အသစ်တစ်ခု စတင်သွားစေခဲ့သည်။

"မုချီရှားက အရမ်းအစွမ်းထက်တယ်"

"ဘုရားရေ။ သူက နတ်ဘုရားနယ်ပယ်သိုင်းပညာရှင်လား။ သူက ကြောက်ဖို့ကောင်းလွန်းတယ်"

"သူသာ သတ်ချင်ရင် ငါတို့အားလုံးကို သတ်နိုင်မှာတောင် စိုးမိတယ်"

"အင်ပါယာချင်ကလည်း နတ်ဘုရားနယ်ပယ်အဆင့်ဖြစ်န်ိုင်တယ်။ ကျန်းဟန်ယန်တော့ အန္တရာယ်များတော့မယ်ထင်တယ်"

"..."

လူအုပ်ကြီး ဆွေးနွေးနေကြချိန်တွင်...

ချန်းကလန်စစ်နတ်ဘုရားက တောင်ဘက်ကို လှမ်းကြည့်ပြီး "မင်း

ရောက်လာပြီပေါ့"

အခြားသိုင်းပညာရှင်များ တောင်ဘက်သို့ ကြည့်လိုက်ချိန်တွင် အတော်ဝေးဝေးမှ လေထဲပျံသန်းနေသော ပုံရိပ်တစ်ခုကို တွေ့လိုက်ရသည်။

မကြာမီတွင် သူဘယ်သူလဲ သိလိုက်ကြ၏။

"ဟောင်ကောင်က ဂျိုဂူရွှမ်"

"နောက်ထပ် နတ်ဘုရားနယ်ပယ်သိုင်းပညာရှင်တစ်ယောက်"

"ဝိုး ဒီမှာ နတ်ဘုရားအဆင့်သိုင်းပညာရှင် သုံးယောက်တောင်ရှိနေပြီ။ ကြောက်စရာပဲ"

"ငါ မင်းကို မယုံဘူးလေ။ အဲဒါကြောင့် လာခဲ့တာ" ဂျိုဂူရွှမ်က ပြန်ပြောသည်။

"ငါက လူငယ်တွေကြားက တိုက်ပွဲကို ဝင်စွက်ဖက်ပါ့မလား" ချန်းကလန်စစ်နတ်ဘုရားမှာ ရယ်ချင်သွားသည်။

"အင်ပါယာချင်နဲ့ပဲဆိုရင်တော့က ကိစ္စမရှိပါဘူး" ဂျိုဂူရွှမ်က ခေါင်းညိတ်သည်။

"မင်းတို့နှစ်ယောက် အဓိပ္ပာယ်မရှိတာတွေ ပြောမနေကြနဲ့တော့။ အဘိုးကြီးဂျို မင်း ငါနဲ့တိုက်ချင်လား" မုချီရှားက မေးသည်။

"မတိုက်ချင်ဘူး" ဂျိုဂူရွှမ်က ပြန်ဖြေပြီးနောက် မျက်လုံးကို မှိတ်ကာ စကားမပြောတော့ချေ။

ရုတ်တရက် သူ မျက်လုံးဖွင့်လာပြီး တောင်၏အရှေ့ဘက်ခြမ်းကို လှမ်းကြည့်လိုက်သည်။

ရွှေရောင်အလင်းတန်းတစ်ခု အဝေးဆီမှ လျင်မြန်စွာ ချဉ်းကပ်လာနေပြီး လူတိုင်းကို ကြီးမားသည့်ဖိအား ဖြစ်ပေါ်လာစေသည်။

၎င်းက လုံ့ရှည်တစ်ချောင်းပေါ် ရပ်နေသည့် သန်မာတုတ်ခိုင်သော ယောကျ်ားတစ်ယောက်ဖြစ်သည်။

မြောက်ပိုင်းကျား ကိုင်ရှင်းခုံး။

"အိုး?" ချန်းကလန်စစ်နတ်ဘုရားက ဝေခွဲမရစွာဖြင့် "မင်းလည်း အဲဒီအဆင့်ကို တက်ခဲ့တာလား"

ကိုင်ရှင်းခုံး နတ်ဘုရားနယ်ပယ်ကို ရောက်ရှိသွားကြောင်း သူသိသော်လည်း ကိုင်ရှင်းခုံး၏ အဆင့်ချိုးဖြတ်မှုက အလွန်ပြီးပြည့်စုံနေလိမ့်မည်ဟု သူ မမျှော်လင့်ထားခဲ့ချေ။

ကမ္ဘာပေါ်ရှိ များစွာသော မဟာသခင်အထွတ်အထိပ်ဆင့် သိုင်းပညာရှင်များမှာ နတ်ဘုရားနယ်ပယ်အဆင့်ကို တက်လှမ်းနိုင်ကြသော်လည်း သူတို့က သူတို့၏ကျင့်ကြံခြင်းကို အတင်းဖိနှိပ်ထားကြကာ ကမ္ဘာငယ်ထဲတွင် အဆင့်ချိုးဖြတ်မှုပြုလုပ်ရန် အခွင့်အရေးကို စောင့်ဆိုင်းနေခဲ့ကြသည်။

အကြောင်းအရင်းမှာကား အဆင့်ချိုးဖြတ်မှုများမှာ မတူညီသောကြောင့်ဖြစ်၏။

နတ်ဘုရားနယ်ပယ်သည် အလွန်အရေးပါသည့်အပြောင်းအလဲဖြစ်ပြီး ထိုအတောတွင်း အဆင့်ချိုးဖြတ်မှုက အလွန်အရေးကြီးသည်။ ထို့ကြောင့် ကိုင်ရှင်းခုံး၏ အဆင့်ချိုးဖြတ်မှုက သူ့ကို အံ့အားသင့်စေခဲ့သည်။

"အကြီးအကဲချန်း" ကိုင်ရှင်းခုံးက ရှောက်ရှိလာပြီးနောက် သူ၏ကျားနဂါးလုံ့ကို ပြန်သိမ်းကာ ချန်းကလန်စစ်နတ်ဘုရားအား အရိုအသေပေးလိုက်သည်။ "ကျန်းဟန်ယန်ကို ဂရုစိုက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျုပ် သူနဲ့ တွေ့ဆုံခဲ့ရတာက ကျုပ်အတွက် အခွင့်အရေးဖြစ်ခဲ့တယ်။ ကျုပ်အဆင့်ချိုးဖြတ်ဖို့အတွက် အကူအညီဖြစ်ခဲ့တာပေါ့"

ထိုစကားများက ကန်ရေပြင်ထဲ ကျောက်တုံးပစ်ချလိုက်သလိုမျိုး လှိုင်းပေါင်းထောင်ချီ ဖြစ်သွားစေခဲ့သည်။

"ဘာလို့လဲ။ ကျန်းဟန်ယန်က ကိုင်ရှင်းခုံးကို အဆင့်ချိုးဖြတ်ဖို့ ကူညီပေးခဲ့တာလား။ ဘယ်လိုဖြစ်နိုင်မှာလဲ။ ကျန်းဟန်ယန်က အဲ့လောက်အစွမ်းထက်တာလား" လူများမှာ မယုံကြည်ကြချေ။

ချန်းကလန်စစ်နတ်ဘုရားမှာ အံ့ဩသွား၏။

နတ်ဘုရားနယ်ပယ်သို့ တက်လှမ်းရန်အတွက် လိုအပ်ချက်များစွာရှိသည်။ ချန်းကလန်စစ်နတ်ဘုရားပင် အဆင့်ချိုးဖြတ်မှုအောင်မြင်ရန် အာမမခံနိုင်ချေ။ ထို့ကြောင့်လည်း အင်ပါယာချင်က မဟာသခင်အထွတ်အထိပ်အဆင့်တွင် အချိန်အကြာကြီး နေခဲ့ခြင်းဖြစ်သည်။

အင်ပါယာချင်က ကျန်းဟန်ယန်ကို နိုင်ပါ့မလားဟု သူ တွေးမိသွား၏။

အခြေအနေက ပြောင်းလဲသွားသည်။

ကျန်းဟန်ယန်နှင့် ပတ်သက်၍ အကောင်းမြင်မှုမရှိကြသော ထိုသူများအားလုံး သူ၏ခွန်အားကို ပြန်သတိချပ်သွားစေသည်။

"ဝိုး ဒီမှာ လူတွေအများကြီးပါလား"

ထိုစကားကို ပြောလိုက်သူကား အမျိုးသမီးတစ်ယောက်ဖြစ်ချေသည်။

မုန့်ရွှယ်၊ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့် သူမသည်ကား အဝေးဆီမှာ ပျံသန်းလာပြီး သစ်ပင်ထိပ်ဖျားပေါ် နင်းကာ သူတို့အား လက်ဝှေ့ယမ်းပြနေသည်။ "မင်္ဂလာပါ အဘိုးကြီးချန်းနဲ့ အဘိုးကြီးမု"

"မင်္ဂလာပါ ကလေးမ" မုချီရှားက ပြုံးကာ ပြောသည်။ "မင်းရဲ့ နတ်ဆိုးကခုန်ခြင်းဓားကို ကျန်းဟန်ယန်က ဓားပြတိုက်သွားတယ်လို့ ငါကြားတယ်။ မင်းအတွက် ငါ သူ့ကို သတ်ပေးရမလား"

"ကောင်းပြီ" မုန္တယ် မျက်လုံးများ ကျဉ်းမြောင်းသွားပြီး အပြုံးလေးဖြင့် ပြန်ပြောလိုက်၏။

"ဟားဟားဟားဟား..." ရုတ်တရက်ဆိုသလို ကျယ်လောင်သည့် ရယ်မောသံတစ်ခုက ပန်းငါးပွင့်တောင်တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။

ကိုင်ရှင်းခုံးက မုချီရှားကို စိုက်ကြည့်လိုက်သည်။ "ငါ့ရဲ့ ကျားနဂါးလုံ့က မင်းပြောတာကို လက်မခံဘူး"

အခြားသိုင်းပညာရှင်များမှာ ထိတ်လန့်သွားကြ၏။

"အင်ပါယာချင်နဲ့ ကျန်းဟန်ယန် မရောက်ခင် သူတို့က တိုက်ခိုက်ကြမလို့ လား"

"ဟမ် မင်းက ငါနဲ့ တိုက်ချင်တာလား" မုချီရှားက ကိုင်ရှင်းခုံးကို ကြည့် လိုက်ပြီး ပြောသည်။ "အဆင့်ချိုးဖြတ်ပြီးတာနဲ့ပဲ သိပ်ပြီး မမောက်မာနဲ့။ တော်ကြာ နတ်ဘုရားနယ်ပယ်သိုင်းသမားအရေအတွက်က ငါ့လက်ချက်နဲ့ တစ်ယောက်လျော့သွားဦးမယ်"

လေထုက တင်းမာလာ၏။

ရုတ်တရက် အဝေးဆီမှ ခပ်တိုးတိုးအသံတစ်ခု ထွက်ပေါ်လာသည်။ "မင်း တို့ ဒီမှာတိုက်ခိုက်ရင် မင်းတို့မိသားစုဆီကို ငါ လူလွှတ်လိုက်ရလိမ့်မယ်"

လူတိုင်း၏ အကြည့်အောက်၌ သူဖုန်းစားတစ်ယောက်ပမာ စုတ်တီး စုတ်ပြတ် ဝတ်ဆင်ထားသည့် ယောက်ျားတစ်ယောက် သူတို့ဆီ ပျံသန်းလာ နေသည်။

ကပ္ပတိန်ရွှမ်ဝူမှာ ရွှင်မြူးသွား၏။ "အစ်ကိုကြီး"

အဇူရာနဂါးလည်း နဖူးပေါ်ရှိ ချွေးစေးများကို တိတ်တိတ်လေး သုတ် လိုက်၏။ အခြေအနေက သူတို့ထိန်းချုပ်နိုင်သည်ထက် ကျော်လွန်တော့

မည်ဖြစ်သည်။ ကံကောင်းစွာ သူ၏အစ်ကိုကြီးက အချိန်မီ ပြန်လာခဲ့သည်။

"ယဲ့ထျန်းလန် မင်းရောက်လာတာ ဝမ်းသာတယ်ကွာ ဟားဟား" မုချီရှားက ရယ်မောလိုက်ပြီး သူ၏သေရည်ဘူးသီးခြောက်ကို ထပ်ပြီး လှမ်းပစ်ရန် ပြင်လိုက်၏။

"ရပ်လိုက်။ အင်ပါယာချင်လာနေပြီ။ မင်း အူးကြောင်ကြားလျှောက်မလုပ်တာ ပိုကောင်းမယ်" လဲ့ထျန်းလန်က လက်ဝှေ့ယမ်းပြလိုက်သည်။

မုချီရှား ရပ်တန့်သွား၏။

-စာစဉ်(၅၉) အပိုင်း(၁) ပြီး

***